
# ၂၀၂၄ ခုနှစ် ဧပြီလအတွင်း ဖြစ်ပွားခဲ့သော စစ်ဆင်ရေးနှင့် တိုက်ပွဲဖော်ဆောင်မှုများ



NLTA
NYAN LYNN THIT ANALYTICA

၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း နိုင်ငံတဝန်းစစ်ရေးလှုပ်ရှားမှုများနှင့် တိုက်ပွဲဖော်ဆောင်မှုများကို မတ်လနှင့် နှိုင်းယှဉ်ပါက ၂.၈၅ ရာခိုင်နှုန်း ကျဆင်းလာသည်ကို တွေ့ရသည်။ ဧပြီလအတွင်း တိုက်ပွဲဖော်ဆောင်မှု အများဆုံးတွေ့ရှိရသည့် ဒေသများမှာ မကွေး၊ ကချင်နှင့် တနင်္သာရီဒေသတို့ဖြစ်ကြသည်။ မကွေးဒေသတွင် ဧပြီလအတွင်း တိုက်ပွဲဖြစ်ပွားမှု အများဆုံးဖြစ်ပြီး မတ်လနှင့် နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်း ကျဆင်းလာသည်ကို တွေ့ရသည်။ ကချင်ဒေသသည် ဧပြီလတွင် တိုက်ပွဲဖြစ်ပွားမှု ဒုတိယအများဆုံးဖြစ်ပြီး ၁၂ ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့ရသည်။ ထို့အပြင် တနင်္သာရီဒေသသည်လည်း မတ်လနှင့် နှိုင်းယှဉ်ပါက ၃၀ ရာခိုင်နှုန်း ကျဆင်းလာသည်။ ဧပြီလအတွင်း တိုက်ပွဲဖော်ဆောင်မှုများနှင့်စစ်ဆင်ရေးများတွင် နှစ်ဘက်အပြန် အလှန်တိုက်ခိုက်မှုများ၊ ဒရုန်းအသုံးပြုတိုက်ခိုက်မှုများ၊ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ၊ မိုင်းဆွဲတိုက်ခိုက်မှုများ၊ လက်နက်ငယ်များအသုံးပြုတိုက်ခိုက်မှုများနှင့် လေကြောင်းတိုက်ခိုက်မှုများကို အများဆုံးတွေ့ရှိရသည်။ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများဘက်မှ ထိုးစစ်ဆင်တိုက်ခိုက်မှုများ အများဆုံးပြုလုပ်ခဲ့ပြီး စစ်အုပ်စု၏ စစ်ကြောင်းများ၊ စစ်စခန်းများ၊ စစ်အုပ်စု၏ တပ်စုငယ်များ (သို့) တပ်ဖွဲ့ဝင်များ၊ စစ်ဆေးရေးဂိတ်များ၊ ရဲစခန်းများကို စစ်ရေးပစ်မှတ်များအဖြစ် ဦးတည်တိုက်ခိုက်ခဲ့သည်ကို တွေ့ရသည်။ နှစ်ဘက်ထိတွေ့တိုက်ပွဲများကြောင့် စစ်အုပ်စုနှင့် တော်လှန်ရေးအင်အားစုများ ထိခိုက်သေဆုံးမှုများအပြင်အရပ်သားထိခိုက်သေဆုံးမှုများလည်း ရှိခဲ့သည်။ ထို့အပြင် နှစ်ဘက်ထိတွေ့တိုက်ပွဲများကြောင့်သာမက အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်မှုနှင့် ဖမ်းဆီးမှုစသည့် ဖြစ်စဉ်များကြောင့် အရပ်သားထိခိုက်သေဆုံးသည့် ဖြစ်စဉ်များကိုလည်း တွေ့ရှိရသည်။





ပုံ-၁၊ ၂၀၂၆ ခုနှစ်၊ မတ်လနှင့် ဧပြီလအတွင်း ဒေသအလိုက် စစ်ဆင်ရေးများနှင့် တိုက်ပွဲဖော်ဆောင်မှုအကြိမ်ရေ နှိုင်းယှဉ်မှုပြပုံ

# စစ်ဆင်ရေးများနှင့် တိုက်ပွဲဖော်ဆောင်မှုများ


၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း စစ်ရေးလှုပ်ရှားမှု အကြိမ်အရေအတွက် စုစုပေါင်း အနည်းဆုံး ၂၈၆ ကြိမ် ရှိပြီး လက်နက်ကိုင်တော်လှန်ရေးအင်အားစုများနှင့် စစ်အုပ်စုတပ်များအကြား စစ်ရေးဖော်ဆောင်မှု အကြိမ်အရေအတွက် စုစုပေါင်း အနည်းဆုံး ၂၇၉ ကြိမ် ရှိခဲ့ပါသည်။ အဆိုပါတိုက်ပွဲဖြစ်စဉ်များတွင် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများဘက်မှ စစ်ရေးဖော်ဆောင်မှုမှာ ၂၅၇ ကြိမ်နှင့် စစ်အုပ်စုဘက်မှ စစ်ရေးဖော်ဆောင်မှုမှာ ၂၂ ကြိမ် ရှိခဲ့သည်။ အဖွဲ့အမည်မသိရှိရသည့် အဖွဲ့များမှ စစ်ရေးဖော်ဆောင်မှုမှာ ၄ ကြိမ် ရှိခဲ့သည်။ ထို့ပြင် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအကြား တိုက်ပွဲဖြစ်စဉ်များလည်း ရှိခဲ့ပြီး စုစုပေါင်း ဖြစ်စဉ် ၃ ကြိမ် ရှိခဲ့သည်။ စစ်ရေးလှုပ်ရှားမှုနှင့် တိုက်ပွဲဖော်ဆောင်မှု အများဆုံးဖြစ်ပွားခဲ့သည့် ဒေသများမှာ မကွေး၊ ကချင်နှင့် တနင်္သာရီတို့ဖြစ်ကြပြီး မကွေးဒေသတွင် ၆၆ ကြိမ်၊ ကချင်ဒေသတွင် ၄၁ ကြိမ်နှင့် တနင်္သာရီဒေသတွင် ၃၈ ကြိမ် ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသည်။ သို့သော် ဧပြီလအတွင်း ရှမ်း (အရှေ့) ဒေသတွင် တိုက်ပွဲဖော်ဆောင်မှု မရှိခဲ့ကြောင်း တွေ့ရှိရသည်။

လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအကြား ဖြစ်ပွားခဲ့သည့် စစ်ရေးဖြစ်စဉ်များမှာ တနင်္သာရီနှင့် ကရင်နီဒေသတို့တွင် ဖြစ်ပွားခဲ့သည်။ ဧပြီလ ၂၂ ရက်နေ့တွင် တနင်္သာရီဒေသ၊ သရက်ချောင်းမြို့နယ်ရှိ ကျေးရွာတရွာတွင် လုံခြုံရေးယူနေသည့် ကရင်လွတ်မြောက်ရေးတပ်မတော် (KNLA) တပ်ရင်း ၁၂ မှ တပ်ဖွဲ့ဝင်များအား ကော်သူးလေအာမီ (KTLA) မှ ခြုံခိုတိုက်ခိုက်ခဲ့ရာ ကလေးငယ် ၁ ဦးနှင့် KNLA တပ်ဖွဲ့ဝင် ၄ ဦးတို့ သေဆုံးခဲ့သည်။ ထို့အပြင် ဧပြီလ ၂၄ ရက်နေ့တွင် ရှမ်း-ကရင်နီနယ်စပ်၊ ဖယ်ခုံမြို့ပြင်တနေရာတွင် တပ်ပေါင်းစုဖွဲ့ထားသည့် အမှတ် (၁) အယ်လ်ဖာ စစ်ဒေသ (မိုးဗြဲနယ်) လက်အောက်ခံတပ်ဖွဲ့နှင့် မိုးဗြဲ ဒေသခံတော်လှန်ရေးတပ်ဖွဲ့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။




ပုံ-၂၊ ဒေသအလိုက် စစ်ဆင်ရေးများနှင့် တိုက်ပွဲဖော်ဆောင်မှုအကြိမ်ရေ ပြပုံ

အဆိုပါထိတွေ့တိုက်ပွဲအတွင်း အရပ်သား ၁ ဦးအပါအဝင်  မိုးဗြဲ ဒေသခံတော်လှန်ရေးတပ်ဖွဲ့ဘက်မှ အဖွဲ့ခေါင်းဆောင်နှင့်တပ်ဖွဲ့ဝင်များ သေဆုံးခဲ့ကြောင်းသိရသည်။ ထိုနောက် အမှတ် (၁) အယ်လ်ဖာ စစ်ဒေသ (မိုးဗြဲနယ်) လက်အောက်ခံတပ်ဖွဲ့မှ မြို့အနောက်တောင်ဘက်ရှိ မိုးဗြဲ ဒေသခံတော်လှန်ရေးတပ်ဖွဲ့၏ စစ်စခန်းတခုအား ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ပြီး အယ်လ်ဖာစစ်ဒေသဘက်မှ တပ်ဖွဲ့ဝင် ၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဒေသအလိုက်လက်နက်ကိုင်တော်လှန်ရေးအင်အားစုများနှင့် စစ်အုပ်စုတပ်တို့၏ တိုက်ခိုက်မှုများအပြင် အဖွဲ့အစည်းအမည်မသိရှိရသည့်အဖွဲ့များ၏ တိုက်ခိုက်မှုအကြိမ်ရေများကို အထက်ပါ ပုံ-၂ တွင် တွေ့မြင်နိုင်ပါသည်။





[၁] လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုဆိုသည်မှာ စစ်အုပ်စုမှအသုံးပြုသောမော်တာများ၊ ဟောင်ဝစ်ဇာအမြောက်များ၊ အတွဲလိုက်ဒုံးပစ်လောင်ချာများစသည့် စက်ရုံထုတ်လက်နက်များနှင့် လက်နက်ကိုင်တော်လှန်ရေးတပ်များမှ အသုံးပြုသော အဆိုပါစက်ရုံထုတ်လက်နက်များအပြင် လက်လုပ်တာတို/တာဝေး ဒုံးပစ်လောင်ချာများ၊ ဗုံးပစ်လောင်ချာများ စသည့် လက်နက်များ အသုံးပြုတိုက်ခိုက်မှုဖြစ်ပါသည်။

**ပုံ-၃၊ ဒေသအလိုက် တိုက်ပွဲဖော်ဆောင်မှုပုံစံများနှင့် အကြိမ်ရေ ပြပုံ**

၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း မြို့နယ်ပေါင်း ၇၁ မြို့နယ်တွင် စစ်ရေးလှုပ်ရှားမှုများနှင့် တိုက်ပွဲဖြစ်ပွားမှုများ ရှိခဲ့သည်။ စစ်အုပ်စုနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများအကြား နှစ်ဘက်အပြန်အလှန်တိုက်ခိုက်မှုဖြစ်စဉ်မှာ အများဆုံးဖြစ်ပြီး ၁၈၄ ကြိမ် ရှိသည်ကို တွေ့ရသည်။ ၎င်းထိတွေ့တိုက်ပွဲများတွင် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများအနေဖြင့် စစ်စခန်း ၁၃ ခု၊ ပြည်သူ့စစ်စခန်း ၆ ခု၊ ရဲစခန်း ၁ ခုနှင့် စစ်ဆေးရေးဂိတ် ၁ ခု စုစုပေါင်း အခု ၂၁ ကို သိမ်းယူနိုင်ခဲ့သည်။ စစ်အုပ်စုဘက်မှလည်း လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များ ထိန်းချုပ်ထား သည့် မြို့ ၂ မြို့၊ စစ်ဆေးရေးဂိတ် ၁ ခုနှင့် စစ်စခန်း ၂ ခုကို ဧပြီလအတွင်းတွင် သိမ်းပိုက်ခဲ့သည်။ ထို့အပြင် ထိတွေ့တိုက်ပွဲများအတွင်း စစ်အုပ်စုမှ လေကြောင်းအသုံးပြုတိုက်ခိုက်မှု အနည်းဆုံး ၃၅ ကြိမ် ပြုလုပ်ခဲ့သည်။

ဒရုန်းဖြင့်တိုက်ခိုက်မှုဖြစ်စဉ်မှာ ဒုတိယအများဆုံးဖြစ်ပြီး စုစုပေါင်းဖြစ်စဉ် ၃၂ ကြိမ် ရှိခဲ့ပြီး လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်သည် ဖြစ်စဉ် ၁၉ ကြိမ်ဖြင့် တတိယအများဆုံးဖြစ်ပြီး လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ ၁၈ ကြိမ်နှင့် အမည်မသိလက်နက်ကိုင်တပ်ဖွဲ့များဘက်မှ ၁ ကြိမ်ပြုလုပ်ခဲ့သည်။ ဒေသအလိုက် ဖြစ်ပွားခဲ့သော တိုက်ပွဲဖော်ဆောင်မှု ပုံစံများကို အထက်ပါ ပုံ-၃ တွင် တွေ့မြင်နိုင်ပါသည်။




ပုံ-၄၊ ဒေသအလိုက် စစ်ရေးပစ်မှတ်များနှင့် တိုက်ခိုက်ခံရမှုအကြိမ်ရေ ပြပုံ

အဆိုပါဖြစ်စဉ်များအတွင်း လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ စစ်ရေးပစ်မှတ်များကို အများဆုံး ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြပြီး စစ်အုပ်စု၏စစ်ကြောင်းများကို ၁၀၄ ကြိမ်၊ စစ်အုပ်စု၏ စစ်စခန်းများကို ၇၆ ကြိမ်၊ စစ်အုပ်စု တပ်စုငယ်များ (သို့) တပ်ဖွဲ့ဝင်များကို ၁၆ ကြိမ်၊ စစ်အုပ်စု၏ စစ်ဆေးရေးဂိတ်များကို ၁၂ ကြိမ်နှင့် ရဲစခန်းများကို ၁၁ ကြိမ်စီ အစရှိသဖြင့် တိုက်ခိုက်ခဲ့သည်။ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ ဒေသအလိုက် တိုက်ခိုက်ခဲ့သော စစ်ရေးပစ်မှတ်များနှင့် အကြိမ်ရေကို အထက်ပါပုံ ပုံ-၄ တွင်တွေ့မြင်နိုင်ပါသည်။

## လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ မြို့သိမ်းတိုက်ပွဲဖော်ဆောင်မှုများ

၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ စစ်အုပ်စုကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သော စခန်းသိမ်းတိုက်ပွဲများကို ကချင်၊ ကရင်၊ ပဲခူး (အရှေ့)၊ ချင်း၊ မကွေး၊ စစ်ကိုင်း၊ မွန်၊ နေပြည်တော်နှင့် တနင်္သာရီဒေသများတွင် ဆက်လက်ဖော်ဆောင်ခဲ့သည်။ ဧပြီလ၌ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၏ စခန်းသိမ်းတိုက်ပွဲများကို ကချင်ဒေသတွင် အများဆုံးတွေ့ရပြီး စစ်အုပ်စု၏ တပ်စခန်း ၄ ခုနှင့် ပြည်သူ့စစ်စခန်း ၄ ခုအထိ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။ ဧပြီလ ၂ ရက်နေ့တွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် ပူးပေါင်းတပ်ဖွဲ့များသည် ကချင်ဒေသ ဖားကန့်မြို့နယ်ရှိ စစ်အုပ်စု၏ စစ်စခန်း ၃ ခုကို တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့သည်။ ဧပြီလ ၁၈ ရက်နေ့တွင် တနိုင်းမြို့နယ်ရှိ ပြည်သူ့စစ်စခန်း ၂ ခုကို KIA နှင့် ပူးပေါင်းတပ်ဖွဲ့များမှ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ဧပြီလ ၂၃ ရက်နေ့တွင် ကချင်ဒေသ၊ ရွှေကူမြို့နယ်ရှိ စစ်အုပ်စု၏ စစ်စခန်း ၁ ခု ကို သိမ်းပိုက်နိုင်ခဲ့သည်။ ထို့အပြင် ဧပြီလ ၂၃ ရက်နေ့တွင် မိုးညှင်းမြို့နယ်ရှိ ရှမ်းနီ အမျိုးသားများတပ်မတော် (SNA) ၏ စခန်း ၂ ခုတို့ကို KIA နှင့် SSIA ပူးပေါင်းတပ်ဖွဲ့များမှလည်း တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များသည် ကရင်ဒေသအတွင်း မြဝတီ၊ ဖာပွန်နှင့် လှိုင်းဘွဲ့မြို့များတွင် စခန်းသိမ်းတိုက်ပွဲများဖော်ဆောင်ခဲ့ခြင်းဖြစ်ပြီး စစ်အုပ်စု၏ စစ်စခန်း ၃ ခုကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ဧပြီလ ၁၃ ရက်နေ့တွင် လှိုင်းဘွဲ့မြို့ရှိ စစ်အုပ်စု၏ စစ်စခန်း ၁ ခုကို KNLA တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းတပ်များမှ သိမ်းပိုက်ရရှိခဲ့သည်။ ထို့အပြင် ဧပြီလ ၂၅ ရက်နေ့တွင် ဖာပွန်မြို့နယ်ရှိ စစ်အုပ်စု၏ စစ်စခန်း ၁ ခုကို KNLA တပ်မဟာ ၅ နှင့် တော်လှန်ရေးပူးပေါင်းတပ်များမှ တိုက်ခိုက်သိမ်းယူခဲ့သည်။ ထို့အပြင် ဧပြီလ ၂၉ ရက်နေ့တွင် မြဝတီမြို့နယ် ဝေါလေဗျူဟာကုန်းအနီးရှိ ကာကင်းစခန်းများကိုလည်း KNLA နှင့် တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းတပ်များမှ တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

ပဲခူး (အရှေ့) ဒေသ၌ ဧပြီလအတွင်း လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များမှ စခန်းသိမ်း တိုက်ပွဲ ၂ ခု ဖော်ဆောင်နိုင်ခဲ့သည်။ ဧပြီလ ၇ ရက်နေ့တွင် ရွှေကျင်မြို့နယ်ရှိ စစ်အုပ်စု၏ စစ်စခန်း ၁ ခုအား လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ထို့အပြင် ဧပြီလ ၂၄ ရက်နေ့တွင် ရွှေကျင်မြို့နယ်ရှိ ကျေးရွာရဲစခန်း ၁ ခုကို KNLA နှင့် ပူးပေါင်းတပ်ဖွဲ့များမှ တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ဧပြီလ ၂၂ ရက်နေ့တွင် နေပြည်တော်ဒေသ၊ လယ်ဝေးမြို့နယ်ရှိ စစ်အုပ်စုအခြေချတပ်စွဲထားသည့်ခမရ ၄၁၁ (အမှတ် ၄၁၁ ခြေမြန်တပ်ရင်း) ပူးပေါင်းစခန်းကို KNLA၊ ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ (KNDO) နှင့် ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ် (KNDF) တို့မှ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်အုပ်စုဘက်မှ စခန်းစွန့်ခွာပြေးသဖြင့် ခမရ ၄၁၁ ပူးပေါင်းစခန်းအား သိမ်းပိုက်ရရှိခဲ့သည်။

ဧပြီလတွင် တနင်္သာရီဒေသ၊ ပုလောနှင့် ဘုတ်ပြင်းမြို့နယ်များတွင် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ စစ်အုပ်စု၏ စစ်စခန်း ၁ ခုနှင့် ပြည်သူ့စစ်စခန်း ၁ ခုအား သိမ်းပိုက်ရရှိခဲ့သည်။ ဧပြီလ ၇ ရက်နေ့တွင် ပုလောမြို့နယ်ရှိ ပြည်သူ့စစ်စခန်း ၁ ခုအား လက်နက်ကိုင်တော်လှန်ရေးတပ်များမှ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် ပြည်သူ့စစ်အဖွဲ့ဝင်များက စခန်းစွန့်ခွာပြေးသဖြင့် အဆိုပါစခန်းကို သိမ်းပိုက်ရရှိခဲ့သည်။ ထို့ပြင် ဧပြီလ ၂၀ ရက်နေ့မှစတင်ပြီး KNLA နှင့် ပူးပေါင်းတပ်ဖွဲ့များမှ ဘုတ်ပြင်းမြို့နယ်ရှိ စစ်အုပ်စု၏ စစ်စခန်း ၁ ခုအား တိုက်ခိုက်ခဲ့ပြီး ဧပြီလ ၂၄ ရက်နေ့တွင် အပြီးသတ်သိမ်းပိုက်နိုင်ခဲ့သည်။ ဧပြီလ ၁၂ ရက်နေ့တွင် မွန်ဒေသ၊ ဘီးလင်းမြို့နယ်ရှိ စစ်အုပ်စု၏ လေးကေစခန်းအား လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များ တိုက်ခိုက်သိမ်းပိုက်ခဲ့ကြောင်း သိရသည်။

ဧပြီလ ၉ ရက်နေ့တွင် မကွေးဒေသ၊ ချောက်မြို့နယ်ရှိ ပျူစောထီးကျေးရွာစစ်စခန်း ၁ ခုအား လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များမှ လက်နက်ကြီး၊ လက်နက်ငယ်၊ ဒရုန်းများဖြင့် တိုက်ခိုက်ခဲ့ရာ ပျူစောထီး ၃ ဦး သေဆုံးခဲ့ပြီး လက်နက်ကိုင်တော်လှန်ရေးအင်အားစုများဘက်မှ ၁ ဦး ထိခိုက်ဒဏ်ရာရရှိကာ စခန်းသိမ်းပိုက်ရရှိခဲ့သည်။ ဧပြီလ ၂၉ ရက်နေ့တွင် မြိုင်မြို့နယ် အရှေ့မြောက်ဘက်ရှိ စစ်အုပ်စု၏ စစ်ဆေးရေးဂိတ်ကို လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များမှ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ စစ်အုပ်စုတပ်များ ဂိတ်စခန်းအား စွန့်ခွာထွက်ပြေးပြီးနောက် သိမ်းပိုက်ရရှိခဲ့သည်။

ဧပြီလ ၂၅ ရက်နေ့တွင် စစ်ကိုင်းဒေသ၊ ကလေးဝမြို့နယ်ရှိ စစ်အုပ်စု၏ စစ်တပ်အထိုင်စခန်းအား လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များမှ တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ဧပြီလ ၁၄ ရက်နေ့တွင် ချင်းဒေသ၊ ဖလမ်းမြို့နယ်တွင် ကျေးရွာတရွာရှိ စစ်အုပ်စု၏ စစ်စခန်း ၁ ခုအား ချင်းပြည်ကောင်စီအဖွဲ့ဝင်များနှင့်အတူ ချင်းညီနောင် (CB) အဖွဲ့ဝင် ချင်းအမျိုးသားအဖွဲ့ချုပ် (CNO/CNDF) တို့မှ တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ စစ်အုပ်စုဘက်မှ ၁၀ ဦးသေဆုံးခဲ့ပြီး (CNO/CNDF) အဖွဲ့ဝင် ၃ ဦး နှင့် ချင်းပြည်ကောင်စီမှ ၁ ဦးတို့ သေဆုံးခဲ့သည်။


ဧပြီလတွင် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ သိမ်းပိုက်ရရှိသည့် စစ်အုပ်စုတပ်စခန်းများရှိသကဲ့သို့ မြို့ ၂ မြို့အပါအဝင် ပြန်လည်လက်လွှတ်ရသည့် လက်နက်ကိုင်တော်လှန်ရေးတပ်များ၏ စခန်းများလည်း စုစုပေါင်း ၅ ခု ရှိခဲ့သည်။ အဆိုပါစခန်းသိမ်းတိုက်ပွဲများမှာ မန္တလေး၊ စစ်ကိုင်းနှင့် ချင်းဒေသတို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ စစ်အုပ်စုသည် ဧပြီလအတွင်း စစ်ကိုင်းဒေသ၊ ကန့်ဘလူမြို့နယ်ရှိ ရွှေမျှော လုပ်ကွက်များရှိရာ သဖန်းဆိပ်ဆည်ကို ပြန်လည်ထိန်းချုပ်ခဲ့ပြီးနောက် ၎င်းနှင့် အနောက်ဘက် ၅ ကီလိုမီတာအကွာရှိ လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များ၏ စစ်စခန်း ၁ ခုကို ဧပြီလ ၆ ရက်နေ့တွင် အင်အားအလုံးအရင်းဖြင့် စစ်ကြောင်းထိုးကာ သိမ်းပိုက်ခဲ့သည်။ ဧပြီလ ၂၉ ရက်နေ့တွင် စစ်အုပ်စုသည် စစ်ကိုင်းဒေသ၊ အင်းတော်မြို့အား လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များထံမှ ပြန်လည်သိမ်းပိုက်ရန် အင်းတော်မြို့နှင့် ၉ ကီလိုမီတာကျော်သာကွာဝေးသည့် ကချင်၊ စစ်ကိုင်းနှင့် ရှမ်း (မြောက်) တို့ကို မဟာဗျူဟာကျ ဆက်သွယ်ထားသည့် လမ်းဆုံနေရာဖြစ်သည့် နဘားလမ်းဆုံအား စစ်ကြောင်းထိုးဝင်ရောက်ခဲ့ပြီး သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။ ထို့နောက် စစ်ကိုင်းဒေသနှင့် ကချင်ဒေသအစပ် ဧရာဝတီမြစ်ကမ်းဘေးရှိ ကသာမြို့ ခမရ ၃၀၉ တပ် (အမှတ် ၃၀၉ ခြေမြန်တပ်ရင်း) နှင့် ဧရာဝတီမြစ်အနောက်ခြမ်းမှ အင်အား ၃၀၀ ကျော်ဖြင့် စစ်ကြောင်းထိုးလာသည့် စစ်ကြောင်းတို့ ပူးပေါင်းခဲ့ပြီး ဧပြီလ ၃၀ ရက်နေ့တွင် အင်းတော်မြို့အား ပြန်လည်ထိန်းချုပ်ခဲ့ကြောင်း သိရသည်။ ကချင်ဒေသသို့ ဝင်ရောက်နိုင်ရန် အဓိကကျသည့် အင်းတော်မြို့အား အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကာကွယ်ရေးဝန်ကြီးဌာန (MOD) လက်အောက်ခံ အမှတ် ၁ စစ်ဒေသက ဦးဆောင်ကာ ၂၀၂၅ ခုနှစ် ဧပြီလ ၇ ရက်တွင် သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ချင်းဒေသတွင် ချင်းတော်လှန်ရေးတပ်ဖွဲ့များမှ ၂၀၂၅ ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် သိမ်းပိုက်ထိန်းချုပ်ခဲ့သည့် ဖလမ်းမြို့နှင့် ဆူရ်ဘုန်လေဆိပ်အား စစ်အုပ်စုမှ ပြန်လည်ရရှိရန် ၂၀၂၅ ခုနှစ် စက်တင်ဘာလမှ စတင်ကာ အင်အားအလုံးအရင်းဖြင့် မြေပြင်နှင့်လေကြောင်းမှ တိုက်ခိုက်ခဲ့ပြီး ဧပြီလ ၂၅ ရက်နေ့တွင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

## တိုက်ပွဲဖြစ်စဥ်များအတွင်း ထိခိုက်သေဆုံးမှုများ

၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း စစ်အုပ်စုတပ်သား အနည်းဆုံး ၅၂၈ ဦး သေဆုံးခဲ့ပြီး အနည်းဆုံး ၃၀၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ၃၅ ဦး ဖမ်းဆီးခံခဲ့ရသည်။ အလားတူ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများဘက်မှလည်း အနည်းဆုံး ၇၉ ဦး သေဆုံးခဲ့ပြီး ၃၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ စစ်ရေးလှုပ်ရှားမှုများအတွင်း လေကြောင်းတိုက်ခိုက်မှုများ၊ နှစ်ဖက်အပြန်အလှန်တိုက်ခိုက်မှုများ၊ ဒရုန်းဖြင့် တိုက်ခိုက်မှုများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အရပ်သားထိခိုက်သေဆုံးမှုများကိုလည်း တွေ့ရှိရပြီး အနည်းဆုံး အရပ်သား ၁၆ ဦး သေဆုံးခဲ့ပြီး ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

NLTA
NYAN LYNN THIT ANALYTICA

# ၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း စစ်ဆင်ရေးများနှင့် တိုက်ပွဲဖော်ဆောင်မှု အကြိမ်ရေပြပုံ




◆ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှလက်လွှတ်လိုက်ရသောမြို့

# အရပ်သားများကို ပစ်မှတ်ထား တိုက်ခိုက်မှုများကြောင့် ထိခိုက်သေဆုံးမှုနှင့် ဖမ်းဆီးခံရမှုများ

စစ်ဆင်ရေးများနှင့် တိုက်ပွဲများကြောင့်သာမက စစ်အုပ်စုတပ်များ၊ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများနှင့် အမည်မသိလက်နက်ကိုင်အဖွဲ့အစည်းများမှ အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်မှုများကြောင့် ထိခိုက်သေဆုံးမှုများနှင့် ဖမ်းဆီးခံရသည့် ဖြစ်စဉ်များလည်းရှိခဲ့ပြီး စုစုပေါင်းဖြစ်စဉ် ၄၃၅ ကြိမ် ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ ၎င်းဖြစ်စဉ်များတွင် စစ်အုပ်စုမှ ကျူးလွန်သောဖြစ်စဉ်ပေါင်း ၄၀၉ ကြိမ်၊ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ ၉ ကြိမ်နှင့် အမည်မသိလက်နက်ကိုင်အဖွဲ့အစည်းများမှ ၁၇ ကြိမ် အသီးသီးရှိခဲ့သည်။ အဆိုပါဖြစ်စဉ်များအတွင်းတွင် စုစုပေါင်း အရပ်သားပြည်သူ ၁၇၆ ဦး သေဆုံးခဲ့ပြီး ၂၇၂ ဦး ဒဏ်ရာရရှိခဲ့ကာ ၇၄၂ ဦး ဖမ်းဆီးခံခဲ့ရသည်။

ဧပြီလအတွင်းတွင် မြို့နယ် စုစုပေါင်း ၉၈ မြို့နယ်၌ စစ်အုပ်စုမှ အရပ်သားပစ်မှတ်ထားတိုက်ခိုက်မှုကျူးလွန်သော အရပ်သားပစ်မှတ်ထားတိုက်ခိုက်မှုဖြစ်စဉ်များမှာ ၄၀၉ ကြိမ် ရှိခဲ့ပြီး အရပ်သားပြည်သူ အနည်းဆုံး ၁၆၉ ဦး သေဆုံးခဲ့ပြီး ၂၄၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားထိခိုက်သေဆုံးမှုသည် အများဆုံးဖြစ်ပြီး ဧပြီလအတွင်း အရပ်သားပြည်သူ ၆၀ ဦး သေဆုံးခဲ့ပြီး ၁၆၁ ဦးဒဏ်ရာရရှိခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုအများဆုံးဖြစ်ပွားသည့် ဒေသများမှာ စစ်ကိုင်းဒေသတွင် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ် ၂၈ ခု၊ ကရင်ဒေသတွင် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ် ၁၈ ခု၊ ရခိုင်ဒေသတွင် ၁၃ ခု၊ မကွေး နှင့် မွန်ဒေသတို့တွင် ၁၂ ခု စီ အသီးသီးရှိခဲ့သည်။

စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် စစ်ကိုင်းဒေသအတွင်း အရာတော်၊ ရွှေဘို၊ ဝက်လက်နှင့် ယင်းမာပင်မြို့နယ်တို့တွင် အရပ်သားထိခိုက်သေဆုံးမှု အများဆုံးဖြစ်ပြီး အဆိုပါမြို့နယ်များတွင် အရပ်သားပြည်သူ ၁၈ ဦး သေဆုံးကာ ၆ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။ ကရင်ဒေသ၊ သံတောင်ကြီးနှင့် ဖာပွန်မြို့နယ်တို့တွင် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူ ၁၁ ဦး သေဆုံးပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ရခိုင်ဒေသ၊ သံတွဲ၊ ပေါက်တောနှင့် ပုဏ္ဏားကျွန်းမြို့နယ်တို့တွင် စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၇ ဦး သေဆုံးခဲ့ပြီး ၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ မကွေးဒေသရှိ ပေါက်နှင့် ဆောမြို့နယ်တို့တွင် အရပ်သားပြည်သူ ၈ ဦး သေဆုံးခဲ့ပြီး ၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

စစ်အုပ်စုသည် ဧပြီလအတွင်း လေကြောင်းတိုက်ခိုက်ရာတွင် ဂျက်ဖိုက်တာများ၊ Y-12 လေယာဉ်များ၊ Mi-35 ရဟတ်ယာဉ်များနှင့် MIG-29 ဂျက်ဖိုက်တာများအား အဓိကအသုံးပြုတိုက်ခိုက်ခဲ့ကြောင်း တွေ့ရသည်။ စစ်အုပ်စု၏ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးမှုများမှာ ဒုတိယအများဆုံးဖြစ်ပြီး သေဆုံးသူ ၁၇ ဦးနှင့် ဒဏ်ရာရရှိသူ ၄၅ ဦး ရှိခဲ့သည်။ စစ်အုပ်စု၏ စစ်ကြောင်းထိုးဝင်ရောက်မှုကြောင့် အရပ်သားထိခိုက်သေဆုံးမှုမှာ တတိယအများဆုံးဖြစ်ပြီး ၃၇ ဦး သေဆုံးကာ ၅ ဦး ဒဏ်ရာရရှိခဲ့သည်။

ဧပြီလအတွင်းတွင် အမည်မသိအဖွဲ့အစည်းများမှ အရပ်သားပြည်သူများကို ကျူးလွန်သောဖြစ်စဉ် ၁၇ ကြိမ် ဖြစ်ပွားခဲ့ပြီး အရပ်သားပြည်သူ ၆ ဦး သေဆုံးကာ ၂၂ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။ ၎င်းဖြစ်စဉ်များအနက် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် အရပ်သားသေဆုံးမှု အများဆုံးဖြစ်ပြီး အရပ်သားပြည်သူ ၁၄ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။ ဧပြီလ ၁၃ နှင့် ၁၄ ရက်နေ့တွင် ကရင်နီဒေသ၊ လွိုင်ကော်မြို့တွင် နေအိမ်ခြံဝန်းအတွင်း တွင် မိုင်းပေါက်ကွဲမှုများဖြစ်ပွားခဲ့သဖြင့် အမျိုးသမီး ၁ ဦးနှင့် ကလေး ၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဧပြီလ ၁၆ ရက်နေ့တွင် ရှမ်း (မြောက်)ဒေသ၊ နောင်ချိုနှင့် လားရှိုးမြို့တို့တွင် စိုက်ပျိုးရေးခြံများအတွင်း အမည်မသိလက်နက်ကိုင်တပ်ဖွဲ့များမှ ထောင်ထားသည့် မိုင်းများနင်းမိသဖြင့် အမျိုးသား ၂ ဦးနှင့် ကလေး ၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဧပြီလ ၂၂ ရက်နေ့တွင် မကွေးဒေသ၊ စလင်းမြို့နယ်ရှိ ကျေးရွာတရွာတွင် အရပ်သားပြည်သူ အမျိုးသမီး ၁ ဦးမှ ခြံဝန်းအတွင်းမန်ကျည်းရွက်ခူးစဉ် မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။


တနင်္သာရီဒေသအတွင်း သရက်ချောင်းနှင့် ရေဖြူမြို့နယ်များတွင် အရပ်သားပြည်သူများမှ အမည်မသိ လက်နက်ကိုင်တပ်ဖွဲ့များ ထောင်ထားသည့် မိုင်းနင်းမိသည့် ဖြစ်စဉ် ၃ ခုရှိခဲ့သည်။ ဧပြီလ ၁၁ ရက်နေ့တွင် ရေဖြူမြို့နယ်တွင် ရော်ဘာခြံလုပ်သား ၅ ဦးမှ မိုင်းနင်းမိသဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် ဧပြီလ ၁၇ ရက်နေ့တွင် သရက်ချောင်းမြို့နယ်ရှိ ဥယျာဉ်ခြံသွားလမ်းတခုတွင် အမည်မသိလက်နက်ကိုင်တပ်ဖွဲ့များ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုဖြစ်ပွားရာမှ အရပ်သားပြည်သူ အမျိုးသား၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဧပြီလ ၂၈ ရက်နေ့တွင် ရေဖြူမြို့နယ်အတွင်းရှိ ရာဘာခြံတခုအတွင်း မိုင်းနင်းမိရာမှ အရပ်သားပြည်သူ အမျိုးသား ၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဧပြီလအတွင်း စစ်အုပ်စုတပ်များ၊ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ အရပ်သားဖမ်းဆီးမှုဖြစ်စဉ် အနည်းဆုံး ၄၉ ကြိမ် ဖြစ်ပွားခဲ့ပြီး စုစုပေါင်း အရပ်သား ၅၄၇ ဦး ဖမ်းဆီးခံခဲ့ရကြောင်း တွေ့ရှိရသည်။ ၎င်း ဖြစ်စဉ်များအနက် စစ်အုပ်စုမှကျူးလွန်သော အရပ်သားဖမ်းဆီးမှုဖြစ်စဉ်ပေါင်း ၄၄ ကြိမ် ရှိခဲ့ပြီး စုစုပေါင်း အရပ်သားဖမ်းဆီးခံရသူအရေအတွက် ၃၇၀ ဦး ရှိခဲ့သည်။ ဧပြီလအတွင်း အရပ်သားဖမ်းဆီးခံရမှုအများစု သည် စစ်မှုထမ်းစေခိုင်းရန် ဖမ်းဆီးခံရခြင်းနှင့် စစ်အုပ်စုစစ်ကြောင်းများက လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ် ဆောင်သွားခြင်းတို့ဖြစ်သည်။ မန္တလေးဒေသသည် အရပ်သားအများဆုံး ဖမ်းဆီးခံရသည့် ဒေသအဖြစ်တွေ့ ရပြီး အရပ်သားအနည်းဆုံး ၁၄၂ ဦး ဖမ်းဆီးခံခဲ့ရသည်။ ထို့နောက် ရခိုင်ဒေသသည် အရပ်သားဖမ်းဆီးခံရမှု ဒုတိယအများဆုံးဒေသဖြစ်ပြီး အရပ်သား အနည်းဆုံး ၁၁၁ ဦး ဖမ်းဆီးခံခဲ့ရသည်။


ဧပြီလ ၁၈ ရက်နေ့တွင် မန္တလေးဒေသ၊ မြင်းခြံမြို့နယ်နှင့် ငါန်းဇွန်မြို့နယ်အကြား တနေရာတွင် စစ်အုပ်စုနှင့် ပျူစောထီးများမှ အရပ်သားပြည်သူကားများကို တားဆီးပြီးနောက် ခရီးသွားပြည်သူ စုစုပေါင်း ၆၀ ခန့်အား ဖမ်းဆီးခဲ့သည်။ ထို့အပြင် ဧပြီလ ၁၉ ရက်နေ့တွင် မတ္တရာမြို့မြောက်ခြမ်းရှိ ကျေးရွာများမှ အရပ်သားပြည်သူ ၃၀ အား ဖမ်းဆီးခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များအဖြစ် ခံဝန်လက်မှတ်ထိုးခိုင်းခဲ့ကြောင်း သိရသည်။

မတ်လအတွင်းတွင် လက်နက်ကိုင်တော်လှန်ရေး အင်အားစုများဘက်မှလည်း အရပ်သားဖမ်းဆီးမှုဖြစ်စဉ် ၅ ကြိမ် ရှိခဲ့ပြီး အရပ်သား စုစုပေါင်း ၁၇၇ ဦးကို ဖမ်းဆီးခဲ့သည်။ ချင်းဒေသ၊ ပလက်ဝမြို့နယ် ကျေးရွာတရွာတွင် ဘောလုံးပွဲကျင်းပနေစဉ် မရာကာကွယ်ရေးတပ်ဖွဲ့ (MDF)သည် အသက်မပြည့်သေးသည့် ကလေးငယ်များအပါအဝင် မရာလူငယ် ၁၀၀ ကျော်ကို စစ်မှုထမ်းစေခိုင်းရန် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

သတင်းဖော်ပြချက်များအရ ဧပြီလအတွင်း အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်သတ်ဖြတ်မှုများကြောင့် ထိခိုက်ဒဏ်ရာရမှု၊ အသက်သေဆုံးမှုနှင့် ဖမ်းဆီးခံရမှုအရေအတွက်များကို အောက်ပါ ပုံ-၅ နှင့် ပုံ-၆ အတိုင်းတွေ့မြင်နိုင်ပါသည်။




**ပုံ-၅၊ ပစ်မှတ်ထားတိုက်ခိုက်မှုများမှ အရပ်သားများ၏ ထိခိုက်သေဆုံးမှုနှင့် ဖမ်းဆီးခံရမှု ဒေသအလိုက်ပြပုံ**




**ပုံ-၆၊ အရပ်သားများ ပစ်မှတ်ထားတိုက်ခိုက်သတ်ဖြတ်ခံရမှုပုံစံများနှင့် ထိခိုက်သေဆုံးမှုအရေအတွက်များ**

[၂] အင်ဂျင်တပ်လေထီး အသုံးပြုတိုက်ခိုက်မှုဆိုသည်မှာ အင်ဂျင်လေထီးပေါ်မှနေ၍ ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ထိခိုက်သေဆုံးရခြင်းကို ဆိုလိုပါသည်။

[၃] မိုင်း/မပေါက်ကွဲသေးသောလက်နက်များဖြစ်စဉ်တွင် ပစ်မှတ်မှားမိုင်းဆွဲတိုက်ခိုက်ခြင်းနှင့် မပေါက်ကွဲသေးသော မြေမြှုပ်မိုင်း၊ ဗုံး၊ လက်နက်ကြီးကျည်တို့အပါအဝင် စစ်ကျန်လက်နက်ပစ္စည်းများကြောင့် ထိခိုက်သေဆုံးရခြင်းကို ဆိုလိုပါသည်။

NYAN LYNN THIT ANALYTICA

# သုတေသနနည်းနာ

ဤအစီရင်ခံစာသည် ၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း နိုင်ငံတဝန်းတွင် ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများနှင့် စစ်အုပ်စုအကြား စစ်ရေးတိုက်ပွဲများနှင့် လူမျိုးစုတော်လှန်ရေးအင်အားစုများ အချင်းချင်းအကြားဖြစ်ပွားခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုများကို လေ့လာဆန်းစစ်ထားခြင်းဖြစ်သည်။ တိုက်ပွဲဖြစ်စဉ်များကို လေ့လာရာတွင် သတင်းဌာန (၄၃) ခုနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၏ တရားဝင်ထုတ်ပြန်ချက်များမှ တင်ပြထားသည့် သတင်းအချက်အလက်များကို အခြေခံ၍ ဆန်းစစ်လေ့လာထားခြင်းဖြစ်ပြီး ဖြစ်စဉ်အရေအတွက်များနှင့် ထိခိုက်သေဆုံးမှုအရေအတွက်မှာ မြေပြင်တွင်ပိုမိုများပြားနိုင်ပါသည်။ တိုက်ပွဲဖြစ်စဉ်များ၊ ထိခိုက်သေဆုံးမှုအရေအတွက်များနှင့်ပတ်သက်၍ အတည်မပြုနိုင်သေးသည့် အချက်အလက်များအားချန်လှပ်ထားခဲ့ပြီး အဆိုပါ ဖြစ်စဉ်များနှင့် ထိခိုက်သေဆုံးမှုအရေအတွက်များအား အတည်ပြုနိုင်ပါက ဆက်လက်ထုတ်ပြန်သွားမည့် အစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြသွားမည် ဖြစ်ပါသည်။ စစ်အုပ်စုနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများအကြား ဖြစ်ပွားခဲ့သော စစ်ဆင်ရေးများနှင့် တိုက်ပွဲဖော်ဆောင်မှုပုံစံများတွင် နှစ်ဘက်အပြန်အလှန်တိုက်ခိုက်ခြင်း၊ လက်နက်ကြီးအသုံးပြုတိုက်ခိုက်မှုများ၊ ဒရုန်းဖြင့်တိုက်ခိုက်ခြင်း၊ မိုင်းဆွဲတိုက်ခိုက်မှု၊ လက်နက်ငယ်များဖြင့်ပစ်ခတ်တိုက်ခိုက်မှု၊ ဗုံးဖြင့်တိုက်ခိုက်မှု၊ လေကြောင်းတိုက်ခိုက်မှုစသဖြင့် စစ်ရေးနှင့်သက်ဆိုင်သည့် တိုက်ခိုက်မှုများပါဝင်သည်။ စစ်ရေးတိုက်ပွဲဖော်ဆောင်မှုများကို ရေတွက်ရာတွင် တရက်အတွင်း စစ်ရေးပစ်မှတ်နေရာ (၁) ခုကို စစ်အုပ်စုတပ် သို့မဟုတ် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများမှ တိုက်ခိုက်လျှင် ဖြစ်စဉ် (၁) ခုအဖြစ် သတ်မှတ်ထားသည်။ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများဟုဆိုရာတွင် ပြည်သူ့ကာကွယ်ရေးတပ်များနှင့် စစ်အုပ်စုကို တော်လှန်တိုက်ခိုက်နေကြသည့် လူမျိုးစုတော်လှန်ရေးအင်အားစုများလည်း ပါဝင်သည်။ အရပ်သားများ၏ ထိခိုက်သေဆုံးမှုများကိုဖော်ပြရာတွင် တိုက်ပွဲဖြစ်စဉ်များအတွင်း အရပ်သားထိခိုက်သေဆုံးမှုများအပြင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်သတ်ဖြတ်မှုများကြောင့် ထိခိုက်သေဆုံးမှုများကိုလည်း သီးခြားကောက်နှုတ်ဖော်ပြထားပါသည်။